# အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်နှင့် အရည်အသွေး၊ အကျိုးအာနိသင်ထိရောက်မှုရှိစေရန် ဆေးဝါး မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းများကို စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိပါ သဖြင့် Myanmar FDA Registration No. ပါရှိသောဆေးဝါးများကိုသာ သုံးစွဲကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ယခုအချိန်တွင် အချို့သောဆေးခန်းများနှင့် Online Clinic များသည် Online Facebook Page များမှတစ်ဆင့် တရားမဝင်တင်သွင်းသည့် Moderna COVID-19 Bivalent Original and Omicron BA4/ BA5 ကာကွယ်ဆေးနှင့် Lot No. AS7185B (Exp: Date 04July2023) ၊ Lot No. AS7144B, (Exp: Date 12May2023) ကာကွယ်ဆေးအတုများကို ထိုးနှံပေးနေကြောင်း သတင်းရရှိပါသဖြင့် အများပြည်သူသိရှိရှောင်ရှားနိုင်စေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အများပြည်သူ ရောဂါဘယဖြစ်ပွားမှုကင်းဝေးစေရန် ဘေး အန္တရာယ်ကင်းရှင်းပြီး အရည်အသွေး၊ အာနိသင်ထိရောက်မှုရှိသော ကာကွယ်ဆေးများအား ထိုးနှံ ပေးလျက်ရှိပါသဖြင့် ပြည်နယ်/တိုင်းဒေသကြီးများအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ထိုးနှံပေးနေသော Covid-19 ကာကွယ်ဆေးများကို သွားရောက်ထိုးနှံကြပါရန် အသိပေးနှိုးဆော်အပ် ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**